၁။ ရဟန်းသံဃာများအား ဆွမ်းလောင်းလှူသောအခါ ဖြစ်ပေါ်တတ်သော ကုသိုလ်စိတ်များအနက် နှစ်မျိုးမျှသာ ရေးပြပါ။
ဖြေ။ ၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်
၂။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်

၂။ မိမိအိမ်တွင် ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ နေ့စဉ် ဘုရားရှိခိုးကြသော ဗုဒ္ဓဘာသာဝင်တို့အား ဖြစ်ခွင့်ရှိသမျှ မဟာကုသိုလ်စိတ်တို့ကို တစ်ပါးစီ ဖြေဆိုပါ။
ဖြေ။ ၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်
၂။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်
၃။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်
၄။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်

၃။ မိခင်ဘုရားရှိခိုးနေသည်ကို အတုယူ၍ မိခင်ဘေးမှ ဝမ်းမြောက်ဝမ်းသာဖြင့် ဘုရားရှိခိုးသော ကလေးငယ်အား မည်သည့်ကုသိုလ်စိတ်ဖြစ်ပါသနည်း ဖော်ပြခဲ့ပါ။
ဖြေ။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် နှင့်
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် တစ်ပါးပါးဖြစ်ပါသည်။

၄။ ယခုခေတ် ဘက်စုံမွမ်းမံရေးတို့၌ ကောင်းကျိုးကို မျှော်မြင်လျက် မိမိသဒ္ဓါအလျောက် ဝမ်းမြောက်စွာ အလှူငွေထည့်ဝင် လှူဒါန်းကြသောသူတို့၏ သန္တာန်၌ ဖြစ်ပေါ်သော ကုသိုလ်စိတ်ကိုရေးပြပါ။
ဖြေ။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်

၅။ မည်သူတစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ နှစ်သက်ဝမ်းမြောက်စွာ ဆွမ်းခံဘုန်းဘုန်းအား ရှိခိုးဦးချ လျက်ရှိသော ကလေးငယ်၏ သန္တာန်၌ ဖြစ်ပေါ်နိုင်သော ကုသိုလ်စိတ်ကိုဖော်ပြပါ။
ဖြေ။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်

၆။ ယခုခေတ် ဘက်စုံမွမ်းမံရေးတို့၌ လူမျိုးခြားဘာသာဝင်များက အလှူငွေများ ထည့်ဝင်ခြင်းသည် မည်သည့် ကုသိုလ်မျိုးဖြစ်သည်ကို ထုတ်ပြပါ။
ဖြေ။ ၁။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်
၂။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်
၃။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်
၄။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်

၇။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်တံတားဆောက်ရာ၌ မတိုက်တွန်းရပဲ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ယှဉ်ကာ ပါဝင်ဆောင်ရွက်နေသူ၏ သန္တာန်၌ ဖြစ်ပေါ်နိုင်သောစိတ်ကို ဖော်ပြပါ။
ဖြေ။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်

၈။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်း ဆက်ကပ်ပူဇော်ရာ၌ မည်သူမျှမတိုက်တွန်းရပဲ ပျော်ရွှင် စွာဖြင့် ပါဝင်လှူဒါန်းသော ကံကျိုးမြင်သိ ပညာရှိ သန္တာန်၌ ဖြစ်ပေါ်နိုင်သောစိတ်ကို ဖော်ပြပါ။
ဖြေ။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်

၉။ သံဃာတော်များကြွလာသည်ကို ဖူးမြင်ရသောမိခင်က "သာလေး ရှိခိုး, ရှိခိုး" ဟုပြောဆိုတိုက်တွန်းမှု ကြောင့် ပျော်ရွှင်စွာ ရှိခိုးနေသော ကလေးငယ် သန္တာန်၌ ဖြစ်ပေါ်သော ကုသိုလ်စိတ်ကို တိကျစွာဖော်ပြပါ။
ဖြေ။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်

၁၀။ အိုမင်းမစွမ်းဖြစ်နေသော ဘိုးဘွားများ၏ ကိစ္စကြီးငယ်ကို မိမိအသိစိတ်ဖြင့် ပျော်ရွှင်စွာ ကူညီဆောင် ရွက်ပေးနေသော လူငယ်တစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ်နေသော ကုသိုလ်စိတ်ကို ပြည့်စုံတိကျစွာဖော်ပြပါ။
ဖြေ။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်

၁၁။ ဤကားကုသိုလ်၊ အကုသိုလ်ဟု၊ ခွဲခြားမသိ၊ ဉာဏ်မရှိဘဲ၊ ဒါနသီလ စသည်ဖြာဖြာ၊ ကောင်းမှုကိုသာ၊ သောမနဿဖြင့် ပြုလုပ်လေ့ရှိသောသူ၏ သန္တာန်၌ ဖြစ်ပေါ်နိုင်သောစိတ်ကို ဖော်ပြပါ။
ဖြေ။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်